ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

## လက်ရှိအခြေအနေများအပေါ် UNFC ၏ သဘောထားထုတ်ပြန်ကြေငြာချက်

၁။ UNFC အဖွဲ့ဝင် KIO ကဖိတ်ကြားပြီး ကမကထပြုကျင်းပခဲ့သော လိုင်ဇာတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ကွန်ဖရင့်သည် တိုင်းရင်းသားညီညွတ်ရေးအတွက် ရာခိုင်နှုန်းပြည့်အောင်မြင်သော ကွန်ဖရင့်တစ်ရပ်ဖြစ်ကြောင်း UNFC က မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ KIO နှင့်တကွ အစစအရာရာ ကူညီပေးခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG) နှင့် ကချင်ပြည်သူလူထုအားလုံးကို အထူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ဒို့တာဝန်အရေး (၃) ပါး၌ "တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး" ဟူ၍ အုပ်ချုပ်သူအဆက်ဆက်ကြွေးကြော်နေကြသော်လည်း မူလဘူတ "တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေး" ကိုမူ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည်ကို အားလုံးအသိပင်ဖြစ်သည်။ ယခုကွန်ဖရင့်ကြီးကို ကျင်းပခွင့်ပေးခဲ့ပြီး ခရီးသွားလာရေး၊ အစစအရာရာအကူအညီပေးခဲ့သော သမ္မတဦးသိန်းစိန်အစိုးရ၏ UPWC ၊ MPC အဖွဲ့များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လက်တွေ့ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် ကျေးဇူးတင်ပါကြောင်း UNFC က မှတ်တမ်းတင်အပ်ပါသည်။

၃။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၁၇)ဖွဲ့နှင့် တဖွဲ့ချင်းညှိနှိုင်းဆွေးနွေးရသောအခက်အခဲကို ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း (Chief Negotiator) အနေနှင့် မကြာခဏ ညီးငြူလေ့ရှိရာ ယခုအခါ ၎င်း(၁၇)ဖွဲ့လုံးကို တညီတညွတ်တည်း တပြိုင်တည်း တွေ့ဆုံဆွေးနွေးကြရခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးအဆင့်ဆင့်အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးတခုလုံး အောင်မြင်ပြီးမြောက်စေမည့်အခွင့်အလန်းကြီးဖြစ်ကြောင်းကိုလည်း UNFC က ထောက်ပြလိုပေသည်။

၄။ ယခုကဲ့သို့ "လိုင်ဇာသဘောတူညီချက်" အပေါ် ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းခေါင်းဆောင်များက "တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်" တရပ်ကို အစိုးရနှင့်လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက်ညှိနှိုင်းအကျိုးဆောင်ပေးရမည့် "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့" (Nationwide Ceasefire Coordination Team - NCCT) ကို အောင်မြင်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ခြင်းမှာလည်း လိုင်ဇာကွန်ဖရင့်၏ သိသာထင်ရှားသော ရလဒ်တစ်ခုပင်ဖြစ်ပါသည်။

၅။ လိုင်ဇာကွန်ဖရင့်ပြီးနောက် ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့တွင် ဆက်လက်ကျင်းပသော ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းဦးဆောင်သော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ UPWC အဖွဲ့နှင့် ဆက်လက်ဆွေးနွေးရာတွင် လိုင်ဇာကွန်ဖရင့်မှ ပြန်လည်ရောက်ရှိလာသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း ခေါင်းဆောင်များပါဝင်သည့် ပဏာမတွေ့ဆုံ နှုတ်ခွန်းဆက်ခြင်း၊ ကျေးဇူးတင်စကားပြောကြားခြင်းကို ပထမပိုင်းဆောင်ရွက်ပါသည်။ ဒုတိယပိုင်း အနေနှင့် (NCCT)အဖွဲ့ခေါင်းဆောင်များက "လိုင်ဇာသဘောတူညီချက်" ကို UPWC သို့ ပေးအပ်၍ ပါဝင်သည့်အကြောင်းအရာများကို ရှင်းလင်းတင်ပြပါသည်။ UPWC ဘက်မှသိလိုသည်များ၊ မရှင်းလင်း သည်များကို မေးမြန်းရာ၌ ပြန်လည်ဖြေကြားခြင်းများရှိခဲ့ပါသည်။ သို့သော် ၎င်း "လိုင်ဇာသဘောတူညီ ချက်စာချုပ်" မှာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အချင်းချင်းအကြား၌ ရရှိသောသဘောတူညီချက်စာချုပ်မျှသာဖြစ်၍ "နှစ်ဖက်" သဘောတူစာချုပ်ဖြစ်စေရန် ရည်ရွယ်ချက် မရှိခဲ့ပါ။ "နှစ်ဖက်" သဘောတူစာချုပ်တစ်ရပ်ကို NCCT မှ အဖွဲ့အစည်းအသီးသီး၏ အကြံဉာဏ်များကို ရယူပြီး ရေးဆွဲပြုစု၍ မကြာမီ အဆိုပြုတင်ပြသွားနိုင်ရန် စီစဉ်လျှက်ရှိပါသည်။ UNFC အနေနှင့်လည်း အစွမ်းကုန် ပူးပေါင်းပါဝင် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၆။ သို့သော် မြစ်ကြီးနားဆွေးနွေးပွဲဒုတိယပိုင်းတွင် UPWC ဘက်မှ "နှစ်ဖက်သဘောတူစာချုပ်" ခေါင်းစဉ်ဖြင့် အဆိုပြု (မူကြမ်း) တစ်စောင်ကို တင်သွင်းခဲ့ပါသည်။ ယင်းမူကြမ်းကို "ညှိနှိုင်းရေးအဖွဲ့" NCCT က ကောင်းမွန်စွာ လက်ခံရရှိပါကြောင်း၊ သဘောထားပေးရန်စောသေးကြောင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီး၏ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်ခေါင်းဆောင်များထံ ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆွေးနွေးပွဲကို ရပ်နားခဲ့ကြသည်။ UNFC အနေနှင့်လည်း ယင်း UPWC ၏နောက်ဆုံးအဆိုပြုမူကြမ်းကို လေ့လာသုံးသပ်နေဆဲဖြစ်ကြောင်း ဆက်လက်ဖော်ပြအပ်ပါသည်။

၇။ နိဂုံးချုပ်အနေနှင့် "လိုင်ဇာသဘောတူညီချက်စာချုပ်" ရရှိခဲ့သော လိုင်ဇာကွန်ဖရင့်ကိုသော်လည်း ကောင်း၊ ယုံကြည်မှုတစုံတရာ တိုးတက်ခိုင်မာမှုရရှိစေသည့် "မြစ်ကြီးနားတွေ့ဆုံဆွေးနွေးပွဲ" အပေါ်တွင် လည်းကောင်း UNFC က အလားအလာကောင်းများဖြစ်သည်ဟု ရှုမြင်ပါကြောင်း ထုတ်ပြန်ကြေငြာအပ်ပါ သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

နေ့စွဲ - ၂၀၁၃ ခုနှစ်၊ နိုင်ဝင်ဘာလ (၁၂) ရက်


**<u>မီဒီယာဆက်သွယ်ရန်</u>**

(၁) ပဒိုဒေးဗစ်သာကပေါ (ဒုတိယဥက္ကဌ - ၂၊ UNFC) ဖုန်း + (၆၆) ၉၀ ၄၅၆ ၇၀၉၅

(၂) ဗိုလ်မှူးကြီး ခွန်ဥက္ကာ (တွဲဖက်အထွေထွေအတွင်းရေးမှူး - ၂၊ UNFC) ဖုန်း + (၆၆) ၈၁ ၉၅၀ ၂၁၅၈